EMReF
Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၃)၊ အမှတ်-၇၈ မေ ၇ ရက်၊ ၂၀၁၉

## အောင်သပြေ-နှစ် ကရင်လမ်းအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ညွှန်ကြားချက်ဖြင့် တင်ဒါကင်းလွတ်ခွင့်ပြု၍ ဆောင်ရွက်ခဲ့သည်ဟု ပြည်နယ်ဝန်ကြီးချုပ် ဖြေကြား

မေ ၄၊ ၂၀၁၉




ဘတ်ဂျက် ကျပ်သန်း(၁၀၀၀)ခန့် သုံးစွဲထားသည့် အောင်သပြေ-နှစ် ကရင်ကျေးရွာချင်းဆက်လမ်းကို တင်ဒါမခေါ်ဘဲ ကုမ္ပဏီအားလုပ်ပိုင်ခွင့်ပေးအပ်ရခြင်းမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်မိန့်ဖြင့် ခွင့်ပြု၍ ဆောင်ရွက်ရခြင်းဖြစ်သည်ဟု မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက မေလ ၃ ရက်နေ့ လွှတ်တော်အစည်းအဝေးတွင် ပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ Mini ဘတ်ဂျက်တွင် အောင်သပြေ-နှစ်ကရင် ကျေးရွာချင်းဆက်လမ်းပိုင်း ဆောင်ရွက်မှုသည် လုပ်ထုံးလုပ်နည်းနှင့် ညီ မညီ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်နိုင်ဦး (ချောင်းဆုံ-၁)မှ မေးမြန်းခဲ့ရာ မိုးတွင်းကာလဖြစ်သည့်အတွက် လုပ်ငန်းဆောင်ရွက်ရန် အချိန်တိုးတောင်းသဖြင့် ပြည်နယ်အစိုးရ ကတ်ဘိနက်အစည်းအဝေးဆုံးဖြတ်ချက်ဖြင့်ပြုလုပ်ခဲ့သည်ဟု စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးမင်းကျော်လွင်က ဖြေကြားခဲ့သည်။

ကိုယ်စားလှယ်မှ ကတ်ဘိနက်အစည်းအဝေးဆုံးဖြတ်ခြင်းနှင့် ဆောင်ရွက်ခြင်းသည် ၁/၂၀၁၇ တင်ဒါလုပ်ထုံးလုပ်နည်း အပုဒ်(၆)ပါ လုပ်ထုံးလုပ်နည်းနဲ့ ကွဲလွဲနေသည့်အပေါ် ဖြေကြားပေးပါရန် ဆက်စပ်မေးခွန်းမေးမြန်းရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက "ဒါက ပြည်ထောင်စုအစိုးရ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ညွှန်ကြားချက်ပါ၊ မီနီဘတ်ဂျက်ဟာ တင်ဒါကင်းလွတ်ခွင့်ရှိပါတယ်"ဟု ဖြေကြားခဲ့ခြင်းဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်နိုင်ဦးက "ဒေါ်အောင်ဆန်းစုကြည်က ၁/၂၀၁၇ ဒီလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်ကို မီနီဘတ်ဂျက် ကင်းလွတ်ခွင့်ရှိပါတယ်လို့ ဘယ်တုန်းက ညွှန်ကြားပြီးတော့ ဘယ်စာအမှတ်နဲ့ ထွက်ခဲ့လဲဆိုတာ ကွန်တော့်အား ဖြေကြားပေးပါ"ဟု ဆက်စပ်မေးခွန်းအဖြစ် ထပ်မံမေးမြန်းခဲ့သည်။

ဝန်ကြီးချုပ်မှ ပြန်လည်ဖြေကြားရာတွင် အတိုင်ပင်ခံနှင့်တွေ့ဆုံစဉ် တင်ပြသည့်အခါ mini Budget လည်း ဖြစ်နေကြောင်း၊ ဖောက်ရခက်ကြောင်း၊ အဲဒါကြောင့် ဒီလမ်းကို တင်ဒါမခေါ်ဘဲ ဖောက်လိုက်ပါ၊ အမှန်တကယ်ကတော့ တင်ဒါမခေါ်ဘဲ ဌာနကို ခွင့်ပြုလည်းရပါကြောင်း၊ ဌာနကလည်း ဒီငွေနဲ့မဖောက်နိုင်သည့်အတွက် အခက် အခဲတွေအများကြီးရှိသည့်ကြားမှ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းဖြေကြားချက်များအရ စည်ပင်ဝန်ကြီးသည် ၁/၂၀၁၇ အပိုဒ်(၆) ကို ကိုးကားဖြေဆိုခဲ့ပြီး ဆက်စပ်မေးခွန်းထုတ်သည့်အခါ ဝန်ကြီးချုပ်မှ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ခွင့်ပြုချက်၊ ညွှန်ကြားချက် ကင်းလွတ်ခွင့်နှင့် ပြန်လည်ဖြေဆိုခြင်းကြောင့် အဖြေ (၂) မျိုးဖြစ်နေသည့်အတွက် အားရကျေနပ်မှုမရှိကြောင်း ဒေါက်တာအောင်နိုင်ဦးက ပြောသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းပိုင်း၏ ၄ မိုင် ၃ ဖာလုံရှိ မြေသားတာဘောင်ချဲ့ခြင်းနှင့် ၁ မိုင် ၄ ဖာလုံရှိ ကွန်ကရစ်လမ်းခင်းခြင်းကို သန်း ၁၀၀၀ ဖြင့် ယင်းဒေသတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းဆောင်ရွက်နေသည့် Southern Myanmar Development (SMD) ကုမ္ပဏီအား လုပ်ပိုင်ခွင့် ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**(ကိုးကား- မွန်ပြည်နယ်လွှတ်တော်၊ သံလွင်တိုင်း (မ်) )**

# စစ်ကိုင်းတိုင်း မြေယာခွန်ဥပဒေကြမ်း တောင်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ရည်ရွယ်ထား

**ဧပြီ ၃၀၊ ၂၀၁၉**



ဒုတိယအကြိမ် စစ်ကိုင်းဒေသကြီးလွှတ်တော် (၁၈) ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ ပင်လည်ဘူးမြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလှိုင်က စစ်ကိုင်းတိုင်းဒေသကြီး မြေယာခွန်ဥပဒေ(မူကြမ်း)ကို လွှတ်တော်သို့ တင်သွင်းခဲ့သည်။

ဥပဒေကြမ်းတင်သွင်းသူ ဦးသန်းလှိုင်က "မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးချိန်မှစ၍ အခြားသောအခွန်ငွေများအား တိုးမြှင့်ကောက်ခံခဲ့သော်လည်း ပြင်ဆင်တိုးမြှင့်ကောက်ခံခြင်းမပြုနိုင်သေးသော အခွန်မှာ မြေခွန်တော်သာ ကျန်ရှိကြောင်း၊ လက်ရှိကြီးကြပ်ကောက်ခံနေသော မြေခွန်နှုန်းထားများသည် ဗြိတိသျှကိုလိုနီခေတ်က နှုန်းထားဖြစ်ပြီး အနည်းဆုံးနှစ်ပေါင်း (၇၀) မှ နှစ် (၁၀၀) ကျော် သက်တမ်းရှိနေပြီဖြစ်သည့်အတွက် ခေတ်ကာလနှင့်လိုက်လျောညီထွေ မရှိတော့ပါကြောင်း၊ ယခု တိုးမြှင့်စည်းကြပ်မည့် မြေခွန်တော်နှုန်းသည် တောင်သူများအနေဖြင့်ရော ပြည်သူများအနေဖြင့်ပါ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်နှင့် အမှန်တကယ်ပေးဆောင်နိုင်လောက်သည့် မြေခွန်နှုန်းထားဖြစ်စေရန် ရည်ရွယ်ထားပါကြောင်း" လွှတ်တော်သို့ တင်ပြဆွေးနွေးခဲ့သည်။

လွှတ်တော်ဥက္ကဋ္ဌက "စစ်ကိုင်းတိုင်းဒေသကြီး မြေယာခွန်ဥပဒေ(မူကြမ်း)" နှင့် စပ်လျဉ်းပြီး လွှတ်တော်တွင် လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်၏ အဆုံးဖြတ်ရယူခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက လက်ခံဆွေးနွေးရန် သဘောတူခဲ့ကြသည်။

**(ကိုးကား- ချင်းတွင်းအသံ)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် အစိုးရနှင့်လက်နက်ကိုင်တပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်း

**မေ ၂၊ ၂၀၁၉**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများတွင် ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးထားသည့် လက်နက်ကိုင်တပ်ဖွဲ့များနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းဆောင်ရွက်ကြရန် မွန်ပြည်နယ်လွှတ်တော် ဒု-ဥက္ကဋ္ဌမှ တိုက်တွန်းလိုက်သည်။

ယနေ့တွင်ကျင်းပသည့် မွန်ပြည်နယ်လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် လက်နက်ကိုင်တပ်ဖွဲ့များနှင့် ပြည်နယ်အစိုးရအကြား NCA စာချုပ်တွင် ပြဋ္ဌာန်းချက်အရ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်နေကြောင်း အစိုးရအပေါ် မွန်ပြည်နယ်လွှတ်တော် ဒု-ဥက္ကဋ္ဌမှ မေးခွန်းမေးမြန်းခဲ့သည်။

"လောလောဆယ်က NRPC ကပဲဖြစ်ဖြစ် UPDJC ကပဲဖြစ်ဖြစ် ပြည်ထောင်စုအဆင့်ကနေပြီးတော့ ဘယ်လိုပူးပေါင်းဆောင်ရွက်ဖို့ဆိုပြီး အကြောင်းကြားထားတာမရှိဘူးလို့ ကျွန်တော်နားလည်ထားတယ်"ဟု မွန်ပြည်နယ်လွှတ်တော် ဒု-ဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးက ပြောသည်။

NCA စာချုပ် အပိုဒ် ၂၅ ပုဒ်မခွဲ (က) တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပြည်နယ်အစိုးရကြားတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ကြရန် ပြဋ္ဌာန်းထားသည်။

"NCA လက်မှတ်ရေးထိုးထားတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေဟာလည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်တဲ့အခါမှာလည်း တည်ဆဲဥပဒေအရပဲလုပ်ရမှာ ကိုယ့်ဘာသာဖမ်းပြီး ကိုယ့်ဘာသာအရေးယူတယ်ဆိုတာလည်း တည်ဆဲဥပဒေနဲ့မညီဘူး"ဟု ၎င်းက ပြောသည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိစ္စများတွင် အစိုးရနှင့် လက်နက်ကိုင်တပ်ဖွဲ့အကြား ပူးပေါင်းဆောင်ရွက်ရေးအား အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)သို့တင်ပြပြီး အတည်ပြုချက်ယူပြီးမှသာ ဖြေကြားမည်ဟု မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေထွန်းဦးက လွှတ်တော်တွင် ဖြေကြားခဲ့သည်။

လက်နက်ကိုင်တပ်ဖွဲ့များ၏ မူးယစ်ဆေးဝါးဖမ်းဆီးရေးနှင့်ပတ်သက်ပြီး အစိုးရအဖွဲ့၏ လုပ်ငန်းအသေးစိတ်မူဝါဒများ မထွက်ရှိသေးခင်တွင် အောက်ခြေအဆင့်၌ ညှိနှိုင်းဆောင်ရွက်မှုများ လိုအပ်နေသည်ဟု ဒေါက်တာအောင်နိုင်ဦးက ဆိုသည်။

ပြီးခဲ့သည့် မတ်လ ၂၀ ရက်နေ့တွင် မုဒုံမြို့နယ်၌ စိတ်ကြွဆေးပြား (၄၀၀) ကျော်၊ ဘိန်းစာရွက် ၄ ပိသာကျော်နှင့် လူ (၈) ဦးကို မွန်ပြည်သစ်ပါတီမှ ဖမ်းဆီးထိန်းသိမ်းခဲ့သည့်အပေါ် မွန်ပြည်နယ်အစိုးရကိုယ်စား လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးမှ ကန့်ကွက်စာပေးပို့ခဲ့သည့်အတွက် ဝေဖန်မှုများ မြင့်တက်ခဲ့သည်။

ယင်းကဲ့သို့ ကန့်ကွက်စာပေးပို့ခဲ့သည့်အတွက် ဧပြီလ (၂၅) ရက်နေ့တွင် မွန်ပြည်သစ်ပါတီမှ ဖမ်းဆီးထားသူများနှင့် မူးယစ်ဆေးဝါးများကို သက်ဆိုင်ရာရဲတပ်ဖွဲ့ထံ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။

**(ကိုးကား- သံလွင်တိုင်း (မ်))**

# ပုစွန်မွေးရန် ဒီရေတောအပြောင်ရှင်းထားမှု ယခုအချိန်မှ ကွင်းဆင်းစိစစ်မည်ဆိုပါက ပြောင်တလင်းခါသွားနိုင်ဟုဆို




**ဧပြီ ၃၀၊ ၂၀၁၉**

ကျွန်းစုမြို့နယ်အတွင်း ပုစွန်မွေးရန်အတွက် ခွင့်ပြုချက်မရှိဘဲ ဒီရေတောအပြောင်ရှင်းထားသည့်ကိစ္စကို ယခုအချိန်မှ ကွင်းဆင်းစိစစ်မည်ဆိုပါက မြေပြင်အခြေအနေတွင် ပြောင်တလင်းခါသွားနိုင်ကြောင်း ဧပြီလ ၈ ရက်က ကျင်းပသည့် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထူးနေအောင်က ပြောသည်။

သက်ဆိုင်ရာဌာနများ၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ ဒီရေတောများကို အပြောင်ရှင်း၍ ပုစွန်မွေးမြူရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပြည့်ဖြိုးထွန်းကုမ္ပဏီနှင့် ခိုင်ဇင်ယော်ကုမ္ပဏီတို့ကို တိုင်းအစိုးရအနေဖြင့် ထိရောက်ပြတ်သားစွာ အရေးယူရန် အစီအစဉ် ရှိ/မရှိ ဒေါက်တာထူးနေအောင်က မေးမြန်းခဲ့သည်။

အဆိုပါမေးမြန်းချက်ကို တိုင်းအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးမြင့်စန်းက သက်ဆိုင်ရာဌာနများအား ကွင်းဆင်းစိစစ်စေပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ထားခြင်းမရှိသည့်ကိစ္စရပ်များတွေ့ရှိပါက သက်ဆိုင်ရာဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

“ဝန်ကြီးကိုယ်တိုင် ကွင်းဆင်းမယ်ဆိုရင် ဟိုမှာ ပုစွန်အပွကြော်နဲ့ညှော်ခံတဲ့ အခြေအနေ အထိရောက်သွားမှပဲ အရေးယူလို့ရမယ့် အခြေအနေ ဖြစ်နေပါတယ်”ဟု ဒေါက်တာထူးနေအောင်က ပြောသည်။

ဥပဒေနှင့်မညီသကဲ့သို့ သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုချက်လည်းမရှိဘဲ ယင်းကဲ့သို့ လုပ်ငန်းကြိုတင်ခွင့်ပြုထားခြင်းကို ပြန်လည်ရုပ်သိမ်းရန် အစီအစဉ်ရှိ/မရှိ ထပ်မံမေးမြန်းရာ လက်ရှိလုပ်ဆောင်နေသည့် လုပ်ငန်းများကို ရပ်ဆိုင်းထားစေမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိမှသာ ပြန်လည်လုပ်ကိုင်စေမည်ဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီး ဦးမြင့်စန်းကဆိုသည်။ မည်သည့်အချိန်တွင် ရပ်ဆိုင်းမည်ဆိုသည်ကိုမူ စာဖြင့်ပြန်လည်ဖြေကြားမည်ဟု ပြောဆိုခဲ့သည်။

ပြည့်ဖြိုးထွန်းကုမ္ပဏီနှင့် ခိုင်ဇင်ယော်ကုမ္ပဏီ တာဝန်ရှိသူများကမူ ဧကထောင်ချီ အပြောင်ရှင်းသည်ဆိုသည့်ကိစ္စမှာ မဟုတ်မှန်ကြောင်း ပြန်လည်ငြင်းဆိုထားသည်။

**(ကိုးကား-Dawei Watch)**

# စိုက်ပျိုးရေးလုပ်ငန်းမြေခွန်နှုန်းထား ခေတ်နှင့်အညီကောက်ခံနိုင်ရေး ဥပဒေမူကြမ်းရေးဆွဲနေ

**ဧပြီ ၃၀၊ ၂၀၁၉**

ဧပြီလ ၁၀ ရက်က ကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းက တိုင်းအတွင်း မြေစာရင်းဌာနမှကောက်ခံနေသည့် မြေခွန်နှုန်းထားများသည် ခေတ်ကာလနှင့်ကိုက်ညီမှုမရှိခြင်းကြောင့် တိုင်းဒေသကြီး မြေခွန်ဥပဒေအား ပြဋ္ဌာန်းပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းခဲ့သည့်အပေါ် တနင်္သာရီတိုင်းဒေသကြီး မြေယာခွန်ဥပဒေမူကြမ်း ရေးဆွဲလျက်ရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းကဆိုသည်။

မြေယာခွန်ဥပဒေမူကြမ်းရေးဆွဲရေးကော်မတီက ဥပဒေမူကြမ်းကို ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းကတည်းက စတင်ရေးဆွဲခဲ့ကြောင်း ဝန်ကြီးကပြောသည်။ လက်ရှိတွင် ပထမအကြိမ် မူကြမ်း၊ ဒုတိယအကြိမ်မူကြမ်းနှင့် တတိယအကြိမ်မူကြမ်းများကို ညှိနှိုင်းဆွေးနွေးအတည်ပြုထားပြီးဖြစ်ပြီး လိုအပ်ချက်များအား ပြင်ဆင်ဖြည့်စွက်အကြံပြုနိုင်ရန်အတွက် တိုင်းဒေသကြီး ဥပဒေချုပ်ရုံးထံ ယခုရက်ပိုင်းအတွင်း ပေးပို့မည်ဖြစ် ကြောင်း ၎င်းက ဆိုသည်။

မြေယာခွန် ဥပဒေမူကြမ်းတွင် တစ်ဧကနှုန်းထားကို မည်မျှသတ်မှတ်ထားသည်ကိုမူ ဖြေဆိုခဲ့ခြင်းမရှိပေ။ ပြင်ဆင်မည့်နှုန်းထားမှာ ခေတ်စနစ်နှင့်အညီ ပြည်သူများဝန်မပိစေနိုင်သည့် သင့်လျော်သည့်နှုန်းထားဖြင့် ပြင်ဆင်ရန်လိုအပ်ကြောင်း ပုလောမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းက ပြောသည်။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသည် ၁၈၇၆ ခုနှစ် မြေနှင့်အခွန်အကောက်ဥပဒေအရ လယ်တစ်ဧကလျှင် ငွေတစ်ကျပ်ခွဲမှ ငါးကျပ်နှစ်ဆယ့် ငါးပြား၊ ဥယျာဉ်ခြံတစ်ဧကလျှင် ငွေတစ် ကျပ်ခွဲမှ လေးကျပ်ခုနှစ်ဆယ့်ငါးပြား၊ ဓနိတောတစ်ဧကလျှင် လေးကျပ်နှုန်းဖြင့် ကောက်ခံနေကြောင်း ဦးကျော်မင်းက ဆိုသည်။

**(ကိုးကား-Dawei Watch)**